# KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဧပြီလ ၉ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ်- 26-14+58-D1

## တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် မြန်မာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်၍ ရွာသားတစ်ဦးသေဆုံးပြီး ကိုယ်ဝန်သည်အမျိုးသမီးတစ်ဦးလည်းဒဏ်ရာရရှိခြင်းနှင့်အိုးအိမ်ပစ္စည်းများပျက်စီးခြင်း (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်တွင်ဖြစ်ပွားခဲ့သော လက်နက်ကြီးပစ်ခတ်မှုအကြောင်းကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာစစ်တပ်သည် ဒေးလိုမူနူလာထကျေးရွာအုပ်စုတွင်ဖုန်းလိုင်းများ စတင်ဖြတ်တောက်ပြီး ထိုကျေးရွာအုပ်စုရှိ ကားလမ်းမပေါ်တွင် စစ်ဆေးရေးဂိတ်ချထားခဲ့သည်။ ထိုနေ့ညတွင် မြန်မာစစ်တပ်သည် ဒေးလိုမူနူလာထကျေးရွာအုပ်စုရှိ သံတောင်ကြီးရပ်ကွက် (၁)၊ အအ--- နေရာသို့ လက်နက်ကြီးနှစ်လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည်ပေါက်ကွဲ၍ ကိုယ်ဝန်သည်အမျိုးသမီးတစ်ဦးအား ထိမှန်ဒဏ်ရာရရှိပြီး သူမ၏နေအိမ်နံရံလည်း ထိမှန်ပျက်စီးသွားခဲ့သည်။ သံတောင်ကြီးမြို့ရှိ ကရင်နှစ်သစ်ကူးတောင်ကုန်းမှ လက်နက်ကြီးပစ်ခတ်ခဲ့သည်ဟု ရွာသားများက ယူဆကြသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ပူးပေါင်းတပ်ဖွဲ့များက မြန်မာစစ်တပ်ကို ရှော့တိုက်ဒုံးကျည် (၆)လုံး ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက်တွင် မြန်မာစစ်တပ်ဖက်က ဒေးလိုမူနူလာထကျေးရွာအုပ်စု၊ အဘ--- ကျေးရွာသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တပ်မဟာ (၂) KNLA တပ်ရင်း (၅) လက်အောက် ခံဖြစ်သော PDF တပ်ဖွဲ့တစ်ဖွဲ့ဖြစ်သည့် ကမ်းနီတော်လှန်ရေးတပ်ဖွဲ့သည် မြန်မာစစ်တပ်က ၎င်းတို့တပ်စခန်းသို့ အရပ်သားကားများဖြင့် ရိက္ခာတင်ပို့မည့်အကြောင်းကို သတင်းရရှိခဲ့သည်။ ထို့ကြောင့် ကမ်းနီတော်လှန်ရေးတပ်ဖွဲ့သည် ပဆောလို ကျေးရွာအုပ်စု၊ အစ--- ကျေးရွာရှိ ကားလမ်းမပေါ်တွင် သွားလာနေသည့်အရပ်သားကားများကို စစ်ဆေးမေးမြန်းခဲ့သည်။ ထိုနေ့မနက် (၁၀း၃၀) မိနစ်တွင် အစ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးနှစ်လုံးကျရောက်ပေါက်ကွဲခဲ့သည်။ လက်နက်ကြီးတစ်လုံးမှာ အသက် (၃၈)နှစ်အရွယ် အမျိုးသမီးတစ်ဦးအား ထိမှန်၍သေဆုံးသွားခဲ့ပြီး သူမ၏နေအိမ်နံရံနှင့်အိမ်သာနံရံလည်း ထိမှန်ပျက်စီးခဲ့သည်။ ပဆောလိုကျေးရွာအုပ်စု၊ အန--- ကျေးရွာအနီးတွင် အခြေစိုက်သည့် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၆) သည် အဆိုပါလက်နက်ကြီးနှစ်လုံးကို ပစ်ခတ်ခဲ့ဟန်ရှိသည်ဟု ရွာသားများက ယူဆကြသည်။ ထိုနေ့ညတွင်လည်း မြန်မာစစ်တပ်မှ စစ်သားများသည် အန--- ကျေးရွာထဲကို*

*ဝင်ရောက်လာ၍ ရွာသားများအကြားတွင် အကြောက်တရားများဖြစ်ပေါ်စေပြီး ၎င်းတို့ရွာတွင် ဆက်လက်နေထိုင်ရန် ကြောက်ရွံ့နေကြသည်။* [1]

---

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ မနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကောင်မရှင်သည် (SSPC) တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်ရှိ ဒေးလိုမူနူလာထကျေးရွာအုပ်စုအပါအဝင် အချို့နေရာဒေသများတွင် ဖုန်းလိုင်းစတင်ဖြတ်တောက်ခဲ့သည်။ ညနေ (၃)နာရီအချိန်တွင် SSPC သည် ဒေးလိုမူနူလာထကျေးရွာအုပ်စုရှိ ကားလမ်းမပေါ်တွင် လုံခြုံရေးအတွက် စစ်ဆေးရေးဂိတ်များချထားပြီး ခရီးသွားပြည်သူများကို စစ်ဆေးမေးမြန်းခဲ့ကြသည်။ ထို့နောက် ည (၈း၀၆) မိနစ်နှင့် (၈း၁၁) မိနစ်ကြားတွင် လက်နက်ကြီးနှစ်လုံးပေါက်ကွဲသံကို KHRG သတင်းစုဆောင်းသူတစ်ဦးက ကြားသိရှိခဲ့သည်။ ထို့အပြင် တိုက်ပွဲဖြစ်ပွားသကဲ့သို့ သေနတ်ပစ်ခတ်သံများကိုလည်း ကြားသိခဲ့သည်။

အဆိုပါပစ်ခတ်ခဲ့သည့်လက်နက်ကြီးများသည် M-79 လက်နက်ကြီးအမျိုးအစားဖြစ်ပြီး ဒေါ်ဖားခိုမြို့နယ်၊ သံတောင်ကြီးမြို့၊ ကရင်နှစ်သစ်ကူးတောင်ကုန်းအနီးပတ်ဝန်းကျင်ရှိ ကားလမ်းမပေါ်တွင် လုံခြုံရေးကင်းချ၍ နေရာယူထားသော SSPC စစ်သားများမှ ပစ်ခတ်ခဲ့ကြောင်း ရွာသားများက ယူဆကြသည်။ (ကရင်နှစ်သစ်ကူးတောင်ကုန်းအနီးတစ်ဝိုက်တွင် ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၉၈) တပ်ရင်းတစ်ရင်းရှိသည်။) လက်နက်ကြီးတစ်လုံးသည် ဒေးလိုမူနူလာထကျေးရွာအုပ်စု၊ သံတောင်ကြီးရပ်ကွက် (၁)၊ အအ---နေရာရှိ ရွာသားတစ်ဦးဖြစ်သူ နော်အ---၏နေအိမ်အနားတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ နော်အ--- သည် သားသမီး (၃) ဦးရှိသည့်အပြင် ကိုယ်ဝန်သည်မိခင်တစ်ဦးလည်းဖြစ်သည်။ သူမ၏နေအိမ်အနားတွင် လက်နက်ကြီးကျပေါက်ကွဲ၍ သူမ၏လည်ပင်းအား ထိမှန်ဒဏ်ရာရပြီး သူမ၏နေအိမ်နံရံလည်း ထိမှန်ပျက်စီးခဲ့သည်။ သူမအား လက်နက်ကြီးထိမှန်၍သွေးများထွက်နေသည်။ ထို့ကြောင့် ဒေသခံခေါင်းဆောင်များနှင့်ရွာသားများသည် သူမကို အဖ--- ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့သည်။ အဖ--- ဆေးရုံသည် မြန်မာစစ်အစိုးရစီမံခန့်ခွဲသောဆေးရုံဖြစ်သည်။ (ဆေးကုသမှုစရိတ်မည်မျှကုန်ကျခဲ့ကြောင်း KHRG အနေဖြင့်မသိရှိရပါ။ သို့သော်လည်း မြန်မာစစ်အစိုးရစီမံခန့်ခွဲသောဆေးရုံများတွင် ပုံမှန်အားဖြင့် ဆေးကုသမှုစရိတ်ကို ပေးဆောင်ရပါသည်။) နော်အ---၏လည်ပင်းဒဏ်ရာသည် ပြင်းထန်သည့်ဒဏ်ရာမဟုတ်ပါ။ သူမသည် ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ်အတွင်း သူမ၏စတုတ္ထမြောက်ကလေးကို မွေးဖွားခဲ့သည်။ (အခြားလက်နက်ကြီးတစ်လုံးသည် ကျေးရွာအပြင်ဘက်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။ သို့သော်လည်း မည်သူမှ ထိခိုက်မှုမရှိခဲ့ပါ။)

---

[1] ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်းတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော တောအူးခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၂) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #26-14-D1 နှင့် #26-58-D1 တို့ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ မနက် (၁၁း၃၀) မိနစ်တွင် (တောအူးခရိုင်) ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ (၂) လက်အောက်ခံဖြစ်သော KNLA စစ်သားများနှင့်ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ပူးပေါင်းတပ်ဖွဲ့များသည် သံတောင်ကြီးမြို့ရှိ SSPC တပ်စခန်းဖြစ်သော ဘုရင့်နောင်တပ်စခန်းကို ရှော့တိုက်ဒုံး ကျည် M-107 (၆)လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးကျည်အားလုံးသည် SSPC ၏တပ် စခန်းအတွင်းတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ SSPC သည် တုံ့ပြန်သည့်အနေဖြင့် လက်နက်ကြီးများကို ပြန်လည်ပစ် ခတ်ခဲ့သည်။ လက်နက်ကြီးများသည် ဒေးလိုမူနူလာထကျေးရွာအုပ်စု၊ အဘ---ကျေးရွာအပြင်ဖက်တွင် ကျရောက်ပေါက် ကွဲခဲ့သည်။ သို့သော်လည်း မည်သည့်ရွာသားမှ ထိခိုက်သေဆုံးမှုမရှိခဲ့ပါ။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ မနက်ပိုင်း (၁၀) နာရီမထိုးခင်တွင် တပ်မဟာ (၂) KNLA တပ်ရင်း (၅) လက် အောက်ခံဖြစ်သော ကမ်းနီးတော်လှန်ရေးတပ်ဖွဲ့သည် (ဒေသခံ PDF တပ်ဖွဲ့) ဒေါ်ဖားခိုမြို့နယ်၊ ပဆောလိုကျေးရွာ အုပ်စု၊ အဆ--- ကျေးရွာရှိ ကားလမ်းမအနီးတွင်ရှိသော ဖုန်းတာဝါတိုင်အနီးတွင် သွားလာလှုပ်ရှားနေခဲ့သည်။ အဆ--- ကျေးရွာမှ ရွာသားတစ်ဦးက KHRG သတင်းစုဆောင်းသူတစ်ဦးအားပြောပြချက်အရ အဆိုပါကမ်းနီတော်လှန်ရေး တပ် ဖွဲ့သည် ကားလမ်းမတွင်သွားလာနေသော ကားများကို စစ်ဆေးနေကြသည်။ အကြောင်းမှာ KNLA စစ်သားများသည် SSPC စစ်သားများက ၎င်းတို့တပ်စခန်းသို့ အရပ်သားကားများဖြင့် စားနပ်ရိက္ခာတင်ပို့မည့်သတင်းကို ရရှိထားသော ကြောင့်ဖြစ်သည်။ သို့သော်လည်း တိုက်ပွဲများမဖြစ်ပွားခဲ့ပေ။ မြန်မာစစ်တပ်မှ စစ်သားများသည် ပဆောလိုကျေးရွာ အုပ်စု၊ အဒ--- ကျေးရွာရှိ စာသင်ကျောင်းထဲတွင် နေရာယူစခန်းချခဲ့သည်။

မနက် (၁၀း၃၀) မိနစ်တွင် အဆ--- ကျေးရွာထဲတွင် လက်နက်ကြီး (၆၀) မမနှစ်လုံးကျရောက်ပေါက်ကွဲခဲ့သည်။ ပဆော လိုကျေးရွာအုပ်စု၊ အန--- ကျေးရွာအနီးတွင် အခြေစိုက်သော ခလရ (၂၆) သည် အဆိုပါလက်နက်ကြီးနှစ်လုံးကိုပစ်ခတ် ခဲ့သည်ဟု ရွာသားများက ယူဆကြသည်။ ခလရ (၂၆) ၏တပ်ရင်းမှူးနာမည်ကို မသိရှိရပါ။ လက်နက်ကြီးနှစ်လုံးသည် အဆ--- ကျေးရွာရှိ ရွာသားတစ်ဦးဖြစ်သူ နော်ဘ---၏နေအိမ်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ နော်ဘ---သည် အသက် (၃၈)နှစ်ရှိပြီးဖြစ်သည်။ လက်နက်ကြီးပစ်ခတ်သည့်အချိန်တွင် နော်ဘ---သည် ဖုံးခိုကျင်းထဲသို့ သွားရောက် ပုန်းခိုရန်ကြိုးစားခဲ့သည်။ ဖုံးခိုကျင်းသို့ပြေးသွားသည့်အချိန်တွင် လက်နက်ကြီးအစသည် နော်ဘ---၏လည်ပင်းကို ထိ မှန်ခဲ့သည်။ မိနစ်အနည်းငယ်အကြာတွင် သူမသေဆုံးသွားခဲ့သည်။ နော်ဘ---သည် ကရင်ခရစ်ယာန်တစ်ဦးဖြစ်ပြီး အိမ်ထောင်သည်တစ်ဦးလည်းဖြစ်သည်။ သူမ၏အမျိုးသားနှင့်သားသမီး (၃)ဦးကျန်ရစ်ခဲ့သည်။ လက်နက်ကြီးသည် သူမ၏နေအိမ်နံရံနှင့်အိမ်သာနံရံကိုလည်း ထိမှန်၍ အနည်းငယ်ပျက်စီးသွားခဲ့သည်။



၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ မနက် (၁၀) နာရီခန့်တွင် မြန်မာစစ်တပ်သည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပဆောလိုကျေး ရွာအုပ်စု၊ အဆ--- ကျေးရွာကို လက်နက်ကြီး (၆၀) မမနှစ်လုံးပစ်ခတ်၍ ရွာထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ လက်ဝဲပုံတွင် လက်နက် ကြီးက အသက် (၃၈)နှစ်အရွယ် နော်ဘ---၏လည်ပင်းကိုထိမှန်၍ ထိုနေရာတွင် သေဆုံးသွားသည့်ပုံရိပ်ကို ဖော်ပြထားသည်။ လက်ယာ ပုံတွင် နော်ဘ---၏အိမ်သာနံရံကို လက်နက်ကြီးစထိမှန်၍ အနည်းငယ်ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ အဆိုပါ လက်နက်ကြီးနှစ်လုံးကို ပဆောလိုကျေးရွာအုပ်စု၊ အန---ကျေးရွာရှိ မြန်မာစစ်သားများက ပစ်ခတ်ခဲ့သည်ဟု ရွာသားများက ယူဆ သည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

ထိုနေ့ညတွင် (တပ်ရင်းအမှတ်မသိရသော) မြန်မာစစ်တပ်မှစစ်သားများသည် အန---ကျေးရွာသို့ စစ်ကြောင်းထိုးရောက်လာခဲ့သည်။ (ထို့ကြောင့် အခင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက်တွင်) ရွာသားများသည် ၎င်းတို့ကျေးရွာတွင် ဆက်လက်နေထိုင်ရန်ကြောက်ရွံ့နေကြသည်။ အကြောင်းမှာ မြန်မာစစ်တပ်က လက်နက်ကြီးများပစ်ခတ်ကြသောကြောင့်ဖြစ်သည်။

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။